ဘာသာပြန် နှင့် အတွေးအမြင်



# အခုပဲ ချစ်တယ်ပြောလိုက်ပါ

နေပိုင်

Design by

# အမှာစာ

=====

အမှာစာဆိုတော့ တစ်ခုခုကိုမေ့လျော့သွားမှာစိုးသောကြောင့် မှာကြားခဲ့ခြင်းလော ။
တစ်ခုခုကို အလိုရှိသောကြောင့် မှာယူခြင်းလော ။
ထိုသို့ဆိုလျှင် ကျွန်တော့တွင် မှာကြားခြင်း မှာယူခြင်း အထူးတလည်မရှိပါ ။
နေပိုင် စာရေးထားသည် ။ သူဖတ်ဖူးသောဘာသာခြားရသစာပေများအား မြန်မာဘာသာသို့
ပြန်ဆို ခံစားထားခြင်းများ နှင့် သူ၏ကိုယ်ပိုင်အယူအဆများ ။ သူစာရေးထားသည် ။
ဘာသာခြားရသစာပေများအား မြန်မာဘာသာသို့ပြန်ဆိုခံစားသကဲ့သို့ မြန်မာရသစာပေများအား
အခြားအခြားသောဘာသာများသို့ ပြန်ဆိုမှုဝေခြင်းများအား မျှော်လင့်လျက် ...

လေးစားစွာဖြင့် -
မင်းလုလင်

မာတိကာ

၁။ အခုပဲချစ်တယ်လို့ပြောလိုက်ပါ (ဘာသာပြန်)

၂။ အပ်ကလေး (၂) ချောင်း

၃။ ဟွန်းသံကင်းမဲ့ဇုန်သာ ဖြစ်စေချင်ပါသည်

၄။ မုန့်သူခိုး (ဘာသာပြန်)

၅။ Taxi Driver

၆။ အခမဲ့ (ဘာသာပြန်)

၇။ လူကြီးဖြစ်ပြီလား

၈။ ကိုယ့်ကိုကိုယ်ပဲ ယုံတယ် (ဘာသာပြန်)

၉။ သတင်းကောင်း (ဘာသာပြန်)

Chicken Soup For The Soul ဟူသည့်စာအုပ်အား ဖတ်မိသည်။
များစွာသော နိုင်ငံခြား စာရေးဆရာများ ရေးသားထားသည့် Essay စာအုပ်ဖြစ်သည်။
နှစ်သက်မိသော အကြောင်းအရာတချို့နှင့် ကိုယ်ပိုင်တွေးမိသည်များကို ဆွဲထည့်ခေါ်သွားကြည့်မိသည်။
ဟိုတစ်ပုဒ်ဒီတစ်ပုဒ် ပျံ့နေမည့်အစား ပေါ့ပေါ့ပါးပါးလေးသာ စုစည်းလိုက်သည်။
လိုရင်းကို တည့်တည့်သာခရီးထွက်ကြည့်ထားသည်။

မျက်နှာဖုံးဒီဇိုင်းဆွဲပေးသော ကဗျာဆရာ ကိုမိုးချိုနှင့် အမှာစာရေးပေးသော ကဗျာဆရာ ကိုမင်းလုလင်တို့အား ကျေးဇူးတင်ပါသည်။

နေပိုင်

# အခုပဲချစ်တယ်လို့ ပြောလိုက်ပါ

ကိုယ်မင်းကိုတွေ့တိုင်း ပြုံးပြဖို့ဝန်မလေးတတ်ခဲ့ဘူး။ အပြုံးလေးတစ်ချက်ဟာ မင်းမျက်လုံးထဲကို လှလှပပလေးသာ ဝင်သွားခဲ့ရင် သိပ်ကောင်းမှာပဲ။ ဒီအတွေးတွေရဲ့နောက်ကွယ်မှာ ကိုယ်မင်းဆီက တန်ပြန်အပြုံးလေးကို တပ်မက်မှုလေးတွေ ပျော်ဝင်နေတယ်။

ဒါပေမဲ့ ကိုယ်ပြုံးပြတာကို မင်းက မြင်တောင်မမြင်ခဲ့ဘူး။

ကိုယ်ချစ်တယ်လို့ ဖွဖွလေးပြောခဲ့တာကို မင်းရင်ခုန်ပါ့မလား။ ကိုယ့်မျှော်လင့်ချက်ဟာ ကြီးကောင်ကြီးမားနဲ့ ရှုန်းရင်းဆန်ခတ်ဖြစ်ပျက်နေပြီ။ နှုတ်ခမ်းလေးဟာပြီး တစ်ခုခုသာ ပြောလိုက်ပါတော့လား။ ကိုယ်မျှော်ရင်းမျှော်ရင်းနဲ့ ရင်ခုန်သံကို ပြန်ဖိစမ်းနေမိတယ်။

ဒါပေမဲ့ မင်းက ကိုယ့်စကားကို ကြားတောင်မကြားခဲ့ဘူး။

အပြင်ထွက် လမ်းလျှောက်တဲ့အခါမျိုးမှာပဲဖြစ်ဖြစ် မင်းလက်ကိုတွဲပြီး လျှောက်သွားချင်မိတာပေါ့။ အရဲစွန့်ပြီးမင်းကိုခေါ်မိတယ်။ မင်းလိုက်မယ်လို့မျှော်လင့်ထားပုံက မြင်မကောင်းဘူး ကောင်မလေး။ မင်းလိုက်လာမယ်လို့ အကောင်းဘက်ကမျှော်လင့်ပစ်လိုက်တာ ငါမှားလား။

ဒါပေမဲ့ မင်းက တစ်ခုခုတောင်ပြန်ပြီးအရေးမလုပ်ဘူး။

ကိုယ်အနုပညာသမားတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ လုပ်မိလုပ်ရာနဲ့ ပန်းချီကားတစ်ချပ်ဆွဲပြီး မင်းကိုလက်ဆောင်ပေးခဲ့တယ်။ ချစ်ရသူက ကိုယ့်ချစ်သက်လက်ဆောင်ကို အမြတ်တနိုးသိမ်းထားရင် ဆိုတဲ့ မျှော်လင့်ချက်ကြီးက မင်းကြည့်တတ်ရင်မြင်နိုင်မှာပါ။

ဒါပေမဲ့မင်းက စိတ်ဝင်စားမှုလေးတစ်ခုတောင်မပြဘူး။

ကိုယ့်ရဲ့စိတ်ကူးတွေ ပုံဖော်ထားတဲ့အတွေး အနာဂတ်တွေကို ကောင်မလေး မင်းကိုသိပ်.. ပြောပြချင်တာပဲ။ ကိုယ်ရင်ဖွင့်တဲ့အခါ ချစ်သူက ဘေးနားမှာ နားထောင်ပေးရင် သိပ်ကောင်းမှာပဲလို့လည်း ကိုယ်တွေးမိတယ်လေ။

ဒါပေမဲ့မင်းက ဂရုတောင် မစိုက်ခဲ့ဘူး။

ကိုယ်သိပ်ကြည်နူးဖို့ကောင်းတဲ့ နေရာလေးတစ်ခု တွေ့ထားတယ်။ ချစ်သူသာရောက်လာမယ်ဆိုရင် ကြည်နူးစရာနေရာလေးမှာ ချစ်ရသူရယ် ကိုယ်ရယ် ကြည်နူးစရာသိပ်ကောင်းမှာလို့ ကိုယ်စဉ်းစားမိတယ်။ မင်းလည်းရောက်လာမှာပါလို့ ကိုယ့်ကိုကိုယ် နှစ်သိမ့်ထားတယ်။

ဒါပေမဲ့ မင်းကရောက်မလာခဲ့ဘူး။

ကိုယ်က ဂျင်းဘောင်းဘီကြိုက်တဲ့လူငယ်တစ်ယောက်ပါ ချစ်သူ။ ကိုယ့်လူငယ်ဘဝကို ချစ်သူမင်းလက်ကိုတွဲပြီး ပျော်ပါးချင်စိတ်ကလေးတော့ရှိတာပေါ့။ မင်းလည်းကိုယ့်စိတ်ကူးလေးကို အကောင်အထည်ဖော်ပေးနိုင်သူ ဖြစ်မှာပဲလို့ ကိုယ်တွေးထားတယ်။

ဒါပေမဲ့ မင်းက လုံးဝစိတ်မပါခဲ့ဘူးလေ။

အခု..
ကိုယ်တို့နိုင်ငံက စစ်ပွဲအတွက် ကိုယ့်ကိုခေါ်နေပြီမို့ ကိုယ်.. ရှေ့တန်းထွက်ရတော့မယ်လေ။ ဒီအချိန်မှာ မင်းက ဘေးအန္တရာယ်ကင်းစွာနဲ့ အိမ်ပြန်ခဲ့ပါလို့ ကိုယ့်ကို မှာခဲ့တယ်။

ဒါပေမဲ့.. ကိုယ်.. ပြန်မလာနိုင်တော့ဘူး။

သေခြင်းတရားဆိုတာ သိပ်ကို လျင်မြန်လွန်းတဲ့ နိယာမလေးတစ်ခုပါ။ လူသားတိုင်းဟာလည်း အချိန်မစေ့ကြသေးတဲ့ သေခြင်းတရားလေးတွေပါပဲ။ အချိန်ဆိုတာ မနည်းပါဘူး။ ဘယ်နေ့ထိ အသက်ရှင်နေထိုင်ရမယ်လို့ ရေရေရာရာမသိရတာကပဲ များလွန်းနေတာပါ။ ကိုယ်ချစ်တဲ့သူကို ချစ်တယ်လို့ဖွင့်ပြောဖို့ ဘာကိုများတွန့်တိုနေကြမည်လဲ။ ချစ်တယ်လို့ပြောလို့ ငရဲမကြီးနိုင်ပါဘူး။ ခဏတဖြုတ်လေးတွေ့ရတဲ့ အခိုက်အတန့်မှာ ရှည်လာတဲ့လက်သည်း ညှပ်ထုတ်မပစ်လိုက်ခင်၊ မှုန်ဝါးလာတဲ့မျက်စိရှေ့မှာ မျက်မှန်တစ်လက် နေရာမယူခင်၊ တုတ်ကောက်အကူအညီနဲ့ လမ်းမလျှောက်ရသေးခင် ၊ ကိုယ် သို့မဟုတ် ကိုယ့်ချစ်သူ သက်ရှိထင်ရှားရှိနေစဉ်မှာပဲ ချစ်တယ်လို့ ခမ်းခမ်းနားနားပြောပစ်လိုက်ပါ။ နောင်တများလက်ဆောင်ပေးတတ်သော သေခြင်းတရားနဲ့ ထိပ်တိုက်မတွေ့ခင် တစ်ယောက်ကိုတစ်ယောက် ချစ်တယ်လို့ ပြောလိုက်ကြပါ။

မူရင်း
But You Didn’t
(Stan Gebhardt)

# အပ်ကလေး(၂)ချောင်း

လူတစ်ယောက်နှင့်တစ်ယောက် အမြင်ချင်းမတူညီကြပါ။ တချို့က ကိစ္စရပ်တိုင်းကို အကောင်းဘက်မှ မြင်သည်။ တချို့က အမြဲအဆိုးဘက်မှ တွေးကြသည်။ တချို့က ဖြစ်စဉ်တိုင်းအား ချိုင့်ခွဲသုံးသပ်၍ အကောင်းအဆိုး အကျိုးအပြစ် ဝေဖန်ခွဲခြား၍ တွေးသည်။

နိုင်ငံတိုင်း ဒေသတိုင်းတွင် သမိုင်းဟူသည်မှာအမြဲရှိသည်။ သမိုင်းတွင် ဖြစ်ပျက်ခဲ့သည်များကို ယနေ့ခေတ်တွင် စကားစစ်များ၌ တွင်တွင်ကျယ်ကျယ် အသုံးများနေသည်ကို တွေ့ရသဖြင့် လွန်စွာစိတ်ပျက်မိသည်။ သမိုင်းတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တိုင်းသည် ယနေ့ခေတ်

အသက်ရှင်ရပ်တည်နေသူတို့ မထိမတွေ့ မပါဝင် မပတ်သက်ခဲ့ရသော အကြားအာရုံတစ်ခုသာ ဖြစ်သည်။ သမိုင်းအား အဘယ်ကြောင့်လေ့လာကြပါသနည်း။ တစ်ခုသာရှိသည်။ သမိုင်းတွင် ဖြစ်ပျက်ခဲ့သမျှကို အဆိုးကိုပယ်၍ အကောင်းကို အတုယူနိုင်ရန်သာ ဖြစ်သည်။ ပထမကမ္ဘာစစ်မှ အကျိုးအပြစ်များအား အတုယူသင့်သည်ကိုမယူ ပြုပြင်သင့်သည်ကို မပြုပြင်သောကြောင့်သာ ဒုတိယကမ္ဘာစစ် ဖြစ်ရသည်။ ဆိုလိုချင်သည်မှာ အကြောင်းအရာတစ်ခုအား ရှုထောင့်တစ်ခုထဲမှ တရားသေကြည့်မြင်နေမည့်အစား ရှုထောင့်ပေါင်းစုံ ဘက်ပေါင်းစုံမှ ကြည့်မြင်သင့်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ယခု အပ်ကလေး (၂) ချောင်းနှင့် နှိုင်းယှဉ်ပြမည်။

ပထမ ဆေးထိုးအပ်ကို လေ့လာကြည့်ကြပါစို့။ ဆေးထိုးအပ်ဟူသည် အသက်ကယ်ပစ္စည်းတစ်မျိုး ဖြစ်သည်။ ဆေးထိုးအပ်ဖြင့် လူပေါင်းများစွာ၏ အသက်ပေါင်းများစွာကို ကယ်ဆယ်မှု ပြုလုပ်နိုင်သည်။ သွေးလှူရာတွင် အသုံးပြုနိုင်သည်။ အားဆေးသွင်းရာတွင် အသုံးပြုနိုင်သည်။ အကောင်းဘက်မှကြည့်လျှင် ထိုကဲ့သို့သော ရလဒ်များ ထွက်ပေါ်လာမည်ဖြစ်သည်။ တဖန် အဆိုးဘက်မှ ကြည့်လျှင် ရောဂါပိုးကူးစက်ရန် ဆေးထိုးအပ်တွင် များစွာဖြစ်နိုင်ချေရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲရာတွင်လည်း ဆေးထိုးအပ်ကို အသုံးပြုကြသည်။ မသန့်သောသွေး ကူးစက်ရန်မှာလည်း ထိုဆေးထိုးအပ်တွင်ပင်ဖြစ်သည်။ ထို့ကြောင့် လူသားများအား အန္တရာယ်ဖြစ်စေသည့် ဆေးထိုးအပ်ဟု တရားသေကြည့်နေမည့်အစား လူ့အသက်ကယ်တင်နိုင်သော ဆေးထိုးအပ်များဟုလည်း ရှုမြင်သင့်ကြပါသည်။

ဒုတိယအပ် အမျိုးအစားမှာ စစ်ပွဲများတွင် အသုံးပြုသော မိုင်းအတွင်းရှိ အပ်ပင်ဖြစ်သည်။ မိုင်းတို့၏ ဖွဲ့စည်းတည်ဆောက်ပုံအရ စနက်တံသည် ထိုအပ်ကလေးအား ထိန်းထားသည်။ စနက်တံ ပြုတ်လျှင် အပ်ကလေးမှာ လွတ်ထွက်သွားပြီး Detonator ဟုခေါ်သော ပေါက်ကွဲစေတတ်သည့် Capsule အား ထိုးဖောက်သည်။ ထို့နောက် မိုင်းပေါက်ကွဲသည်။ ထိုအပ်ကလေးအပေါ်အမြင်များအား ဖြန့်ကျက်ကြည့်ကြမည်။ (ဤနေရာတွင် အပ်ကလေးအား သက်ရှိလူသားအနေဖြင့် ရှုမြင်ကြည့်ကြမည်)

မိုင်းဟူသည်က လူသတ်လက်နက်ဖြစ်သောကြောင့် မုန်းစရာကောင်းသည်။ ထိုမိုင်းကို ပေါက်ကွဲစေတတ်သော အပ်ကလေးက ပိုမုန်းစရာကောင်းသည်။ မုန်ပါသည်။ မုန်းလည်း မုန်းသင့်ပါသည်။ သို့သော် တစ်ဖက်မှနေ၍ ပြန်စဉ်းစားကြည့်မည်။ အပ်ကလေးက Detonator ကိုဖောက်၍ မိုင်းကွဲလျှင် အပ်ကလေးလည်း အလိုအလျောက် ကျိုးပဲ့ပျက်စီးသွားမည်သာဖြစ်သည်။ သို့သော် အဘယ်ကြောင့် ကိုယ့်ကိုကိုယ်အကျိုးအပဲ့ခံ၍ လူသတ်လက်နက်ကဲ့သို့သောနေရာမျိုးတွင် သူပါဝင်နေရသနည်း။ ဆေးထိုးအပ်ကဲ့သို့ လူသားများအား ကယ်တင်ရာတွင် ပါဝင်နေလျှင် ပိုမကောင်းဘူးလားဟု တွေးစရာရှိသည်။ အဖြေမှာ တစ်ခုတည်းသာဖြစ်သည်။

ဒုတိယကမ္ဘာစစ်တွင်း ဆိုဗီယက်နှင့် ဂျာမနီ စစ်ပွဲ၌ ဂျာမနီဘက်မှ တင့်ကားများ စတင်တီထွင် အသုံးပြုခဲ့သည်။ သေနတ်ဖြင့် ပစ်မရ ခတ်မရ တင့်ကားများကြောင့် ဆိုဗီယက်တို့ အတော်လေးပင် အထိနာခဲ့သည်။ ထို့နောက်ဆိုဗီယက်ဘက်မှ တင့်ကားခွဲမိုင်းများ စတင်တီထွင်အသုံးပြုခဲ့သည်။ ထို့ကြောင့်လည်း ဆိုဗီယက်တို့ စစ်ပွဲအနိုင်ရခဲ့သည်။ အပ်ကလေးပေါင်းမြောက်များစွာ အကျိုးအပဲ့အပျက်အစီး ဖြစ်ခဲ့ရသည်။ အဖြေမှာ ဤသည်ပင်ဖြစ်သည်။ မိမိကိုယ်ကိုယ် အကျိုးအပဲ့ခံကာ တိုင်းပြည်ကာကွယ်ရေးအတွက် လူသတ်လက်နက်ဖြစ်ရသည့် အပ်ကလေးများအား အကောင်းဘက်မှမြင်၍လည်း ဂရုဏာသက်သင့်သည်။

ဆိုလိုချင်သည်မှာ လူတစ်ယောက်အကြောင်းအရာတစ်ခုအား အဆိုးဘက်မှ တသမတ်တည်း မကြည့်သင့်ပါ။ အဆိုးအကောင်း အကျိုးအပြစ်သည် နေရာတိုင်းတွင် ဒွန်တွဲနေကြသည်။ ထို့ကြောင့် အရာရာကို အဖက်ဖက်မှ ကြည့်မြင်ကြရန် တိုက်တွန်းချင်ပါသည်။

## ဟွန်းသံကင်းမဲ့ဗုန်သာ ဖြစ်စေချင်ပါသည်

စိတ်ထဲတွင် ဆောင်းပါးတစ်ပုဒ်ရေးချင်စိတ် ဖြစ်နေမိသည်။ ဘယ်ကစရေးရင်ကောင်းမလဲ။ ပြောချင်သည့် အကြောင်းအရာများ။ Message ပေးချင်သည့် ကိစ္စများ။ တေးတေးထားပြီး မရေးဖြစ်သော စကားလုံးများစွာ။ များစွာများစွာတို့နှင့် မရေးဖြစ်သည်မှာ ကြာခဲ့ပြီ။ ယခုရေးမည်ဆိုတော့ မိုးသောက်ပန်းဂျာနယ်ကပင် စရေးမည်။

ကျွန်တော်ငယ်ငယ်က မိုးသောက်ပန်းဂျာနယ် အဖတ်များခဲ့သည်။ ကာတွန်းပေါင်းများစွာ ရယ်စရာ ဟာသပေါင်းများစွာ ဗဟုသုတများစွာနှင့် ကလေးတစ်ယောက်အတွက် နားလည်လွယ်သောကြောင့် ကလေးပီပီ မိုးသောက်ပန်းဂျာနယ်ကို ကြိုက်ခဲ့ဖူးသည်။ ယခုဖော်ပြမည့် အကြောင်းအရာမှာ

မိုးသောက်ပန်းဂျာနယ် မည်သည့်အတွဲ မည်သည့်အမှတ်စဉ်၊ မည်သည့်နှစ် မည်သည့်လထုတ်မှန်း မမှတ်မိတော့ပါ။ သေချာသည်က ကျွန်တော်ကလေးဘဝက ဖြစ်သည်။

ရုပ်ပြကာတွန်းမှာ ဤသို့ဖြစ်သည်။ မြို့ထဲမီးပွိုင့်တစ်ခုတွင် ကားပေါင်းများစွာရှေ့၌ လှည်းတစ်စီးရောက်ရှိနေသည်။ မီးနီနေချိန်မို့ မီးစိမ်းလာမည့်အချိန်ကို စောင့်ဆိုင်းနေကြသည်။ မြို့လည်ခေါင်မို့ ကားပေါင်းများစွာနှင့် ရှုတ်ရှုတ်ယှက်ယှက် နိုင်လွန်းသည်။ အချိန်စေ့၍ မီးပွိုင့်မီးစိမ်းသွားသောအခါ ကားပေါင်းများစွာက ကားစက်သံ တဖျင်းဖျင်းနှင့် စတင်ထွက်ခွါရန် တာဆူကြသည်။ ဖြစ်ချင်တော့ ရှေ့ဆုံးမှ လှည်းက အထွက်တွင် လမ်းချိုင့်ခွက်ထဲသို့ ဘီးကျွံသွား၏။ နွားများ၏ ရုန်းအားဖြင့် ဆွဲသော်လည်း မရ။ လှည်းမှာ နေမြဲသာ ဖြစ်နေ၏။ လှည်းပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည် အမျိုးသားနှစ်ဦး လှည်းပေါ်မှဆင်းကာ အားစိုက်တွန်းကြသည်။ အခြေအနေမှာ မထူးခြား။ လှည်းမှာ ရပ်မြဲရပ်နေဆဲသာဖြစ်၏။ အချိန်တရွေ့ရွေ့နှင့် ကားများထံမှ ကားဟွန်းသံများထွက်ပေါ်လာ၏။ လှည်းနောက်တွင် အားစိုက်တွန်းနေသူ အမျိုးသားနှစ်ဦး ချွေးများ ရွှဲနစ်နေကြပြီ။ ထပ်မံ၍ ကားများထံမှ ဆဲဆိုသံများ ထွက်ပေါ်လာပြန်၏။ လှည်းမှာ မရွေ့နိုင်သေး။

ထိုအခိုက် ပလက်ဖောင်းပေါ်မှ လူငယ်လေးတစ်ဦးက ထိုအခြေအနေ အဖြစ်အပျက်ကို မြင်၏။ ပုဆိုးကိုခပ်တိုတို ပြင်ဝတ်၏။ သူ၏ခြေလှမ်းများက လှည်းနောက်သို့ ဦးတည်သွားရောက်ကာ လွတ်နေသောနေရာမှ ကူညီကာ အားစိုက်တွန်းပေးလိုက်၏။ အမျိုးသား သုံးဦး၏ အားနှင့်မို့ လှည်းမှာ ချိုင့်မှ လွတ်ကာ စတင်ရွေ့လျား ထွက်ခွါသွား၏။ ထိုလူငယ်လေးလည်း ကိုယ့်လမ်းကိုယ်ဆက်သွား၏။ ရုပ်ပြကာတွန်းလည်း ဤတွင် ပြီး၏။

ငယ်ငယ်က ကလေးဦးနှောက်နှင့်မို့ မြို့လည်ခေါင်တွင် လှည်းမောင်းနှင်သည်မှာ ဖြစ်နိုင်မဖြစ်နိုင်ကို မတွေးမိခဲ့။ (အမှန်တကယ် တွေးရန်လည်း မလိုပါ။) ယနေ့ခေတ် မျက်စိရှေ့တွင်မြင်ရသော၊ နားထဲတွင်ကြားရသော အသံများ နှင့် ဆက်စပ်၍ ထိုရုပ်ပြကာတွန်းလေးအား အမှတ်ရမိသည်။ ထိုလူငယ်လေးက စကားတစ်ခွန်းမှမပြောဘဲ လိုအပ်ချိန်တွင် လုပ်သင့်လုပ်ထိုက်သည်ကို သူဝင်လုပ်သွား၏။

ယခု ကျွန်တော်အပါအဝင် မြန်မာနိုင်ငံသား လူတိုင်းလူတိုင်းသည် လှည်းဘီးလမ်းကျွံနေသည့် အခြေအနေတစ်ရပ်ကို တွေ့ကြုံနေရသည်ဆိုကြပါစို့။ မြင်တွေ့သမျှတွင် ပိုက်ဆံချမ်းသာ၍ ကားစီးနိုင်သူများက ဟွန်းတီးကြသည်။ ဘတ်စ်ကား စီးသူများက တဗျစ်တောက်တောက် ပြောဆိုကြသည်။ စပယ်ယာများက ဆဲဆို မေတ္တာပို့ကြသည်။ လှည်းအား မနိုင်မနင်းတွန်းနေသူများက ချွေးသံတရွှဲရွှဲ ဖြစ်နေသည်။ လမ်းပေါ်မှ လူများကလည်း ကိုယ်နှင့်မဆိုင်သလို ကိုယ့်လမ်းကိုယ်သွားနေကြသည်။

(ကျွန်တော်တို့တွင် ကြိုက်ရာရွေးချယ်နိုင်သည့် အခွင့်အရေးရှိသည်ဆိုကြပါစို့။) ကိုယ့်ကိုကိုယ် ပြန်လည်သုံးသပ်သင့်နေပြီ ဖြစ်သည်။ ကိုယ်သည် ဟွန်းတီးနေမိသူတစ်ယောက်လား။ တဗျစ်တောက်တောက် ပြောနေမိသူတစ်ယောက်လား။ ဆဲဆိုနေမိသူ တစ်ယောက်လား။ မဆိုင်သလို ကိုယ့်လမ်းကိုယ် သွားနေမိသူတစ်ယောက်လား။ မနိုင်မနင်း လှည်းတွန်းနေမိသူတစ်ယောက်လား။ အမှန်တကယ်ကို သုံးသပ်သင့်နေပါပြီ။ လှည်းအနေနှင့်လည်း စကားတစ်ခွန်းမှ မပြောဘဲ လိုအပ်ချိန်တွင် လုပ်သင့်လုပ်ထိုက်သည်ကို ဝင်လုပ်သွားသော လူငယ်ကဲ့သို့ လူငယ်ပေါင်းများစွာကို အမှန်တကယ် လိုအပ်နေပါသည်။ ကျွန်တော့်ဆန္ဒအရ ပြောရလျှင်လည်း ထိုတာဝန်သိလူငယ်ကဲ့သို့ လူငယ်ပေါင်းများစွာနှင့် ဟွန်းသံကင်းမဲ့ဖုန်သာ ဖြစ်စေချင်မိပါသည်။

# မုန့်သူခိုး

အဲ့ဒီညက ကျွန်မတစ်ယောက်တည်း ရေခြားမြေခြားသွားဖို့ လေဆိပ်ထဲရောက်နေချိန်ပေ့ါ။ လေယာဉ်ချိန်က အတော်လိုပါသေးတယ်။ ဒါနဲ့ပဲ ကျွန်မလည်း ဖတ်လက်စစာအုပ်တစ်အုပ်နဲ့ အချိန်ဖြုန်းနေဖို့ ဆုံးဖြတ်လိုက်တယ်။ လေယာဉ်ကွင်းထဲက မုန့်ဆိုင်မှာပဲ မုန့်ဝယ်ရင်း ခရီးသည်များ နားနေခန်းမှာ အထုပ်အပိုးတွေချပြီး နေရာယူလိုက်တယ်။ မုန့်လေးစားရင်း စာအုပ်လေးဖတ်ရင်းနဲ့ပဲ လေယာဉ်ဆိုက်ချိန်အထိ ကျွန်မ အချိန်ဖြုန်းဖို့ဆိုတဲ့ အတွေးနဲ့ပေ့ါ။

ကျွန်မထိုင်ခုံမှာထိုင်ပြီး စာအုပ်ကို အသည်းအသန်ဖတ်နေတုန်းမှာပဲ တစ်စုံတစ်ခုက ကျွန်မ မျက်စိမြင်ကွင်းထဲမှာ လာနှောက်ယှက်တော့တာပါပဲ။ တခြားတော့မဟုတ်ပါဘူး။ ခပ်ဝဝလူကြီးတစ်ယောက်က

ကျွန်မဘေးမှာရှိနေတဲ့ မုန့်ထုပ်ထဲက မုန့်တွေကို တစ်ခုချင်းနိုက်စားနေတယ်။ ပထမတော့ ကျွန်မလည်း လျစ်လျူရှုဖို့ကြိုးစားကြည့်ပါသေးတယ်။ တစ်ခုတော့ရှိတာပေါ့။ ကျွန်မဟာ ဖတ်နေလက်စ စာအုပ်ထဲကို အာရုံမရောက်တော့ဘူး။

သူ..ယူနေတဲ့မုန့်တွေကို လိုက်ကြည့်နေရင်းက မုန့်တွေ အတော်ပါးလာတာကို ကျွန်မ သတိထားလိုက်မိတယ်။ နာရီကိုကြည့်မိတော့ အချိန်ကလည်း အမှတ်တမဲ့နဲ့ တဖြည်းဖြည်းကုန်စ ပြုလာပါပြီ။ ဒီမုန့်သူခိုးကတော့ ကျွန်မကို စာဖတ်နေတဲ့အာရုံပျက်အောင် လုပ်နေဆဲပါပဲ။ လေယာဉ်ချိန် နီးကပ်လာတဲ့အထိ သူမုန့်တွေကိုယူစားနေဆဲပါပဲ။ ကျွန်မသာ သည်းခံနိုင်စွမ်းရှိသူတစ်ယောက် မဟုတ်ဘူးဆိုရင် ကျွန်မသူ့မျက်လုံးတွေကို ဖောက်ထုတ်ပစ်မိတော့မှာပါပဲ။ ဒီလိုနဲ့ကျွန်မဒေါသဟာတဖြည်းဖြည်းနဲ့ အလုံးအထည်ပေါ်လာတယ်။

ကျွန်မ မုန့်တစ်ခုယူလိုက်တိုင်း သူလည်းမုန့်တစ်ခုလိုက်ယူတယ်။ အဲလိုယူရင်းယူရင်းနဲ့ နောက်ဆုံးမုန့်တစ်ခုပဲ ကျန်တော့တဲ့အချိန်မှာပေါ့။ သူဘာများလုပ်မလဲလို့ ကျွန်မ သိပ်စိတ်ဝင်စားသွားတယ်။ အဲဒီမှာပဲ သူဟာ နောက်ဆုံးကျန်တဲ့မုန့်တစ်ခုကို အရှက်အကြောက်မရှိယူပြီး တဝက်စီ ဖဲ့လိုက်တယ်။

သူက လက်ထဲမှာရှိနေတဲ့ တစ်ဝက်ကို သူစားပြီး ကျန်တဲ့တဝက်ကို ကျွန်မကို ထိုးပေးတယ်။ ကျွန်မအလွန်ပဲဒေါသဖြစ်မိပါတယ်။ မုန့်တစ်ထုပ်လုံးကို ကျွန်မခွင့်ပြုချက်မပါဘဲ သူယူစားခဲ့ပြီးပြီပဲ။ အခုနောက်ဆုံးကျန်တဲ့မုန့်တစ်ခုတော့ ကျွန်မကို အခွင့်အရေးအပြည့်အဝ ပေးသင့်တယ်ဆိုတာ သူနည်းနည်းလေးမှမတွေးမိဘူးလား။ ဒီဒေါသနဲ့ပဲ ကျွန်မ အဲဒီမုန့်ကိုဆတ်ခနဲဆွဲယူပြီး သူ့ကိုအော်ပစ်လိုက်တယ်။

"ဒီမှာ .. ရှင်ဟာ သိပ်အတင့်ရဲပြီး သိပ်ရိုင်းတဲ့လူပဲ..။ ရှင့်အပြုအမူက ရှင့်ရဲ့အဆင့်အတန်းကို ဖော်ပြလိုက်တာပဲ။ ရှင်ဟာ အဆင့်အတန်းမရှိတဲ့ မုန့်သူခိုးပဲ"

ကျွန်မဟာ တကယ်ကို အမှတ်သည်းခြေကြီးတဲ့ မိန်းမတစ်ယောက်ပါ။ ဒါပေမဲ့ မုန့်လေးတစ်ထုပ်ကြောင့် စိတ်အနှောက်အယှက်မဖြစ်ချင်တော့တာနဲ့ ကျွန်မ မေ့ဖျောက်ပစ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လေယာဉ်ချိန်ကလည်း ကျရောက်လာပြီမို့ ကျွန်မ ပစ္စည်းတွေယူပြီး ထွက်ပေါက်ဂိတ်ကို ဦးတည်လိုက်ပါတယ်။ မုန့်သူခိုးကိုတော့ ကျွန်မလုံးဝလှည့်မကြည့်ဖြစ်တော့ပါဘူး။

ကျွန်မ လေယာဉ်ပေါ်ရောက်ပြီး မကြာခင်မှာပဲ လေယာဉ်စထွက်ပါတော့တယ်။ ကျွန်မလည်း ပြီးခါနီးစာအုပ်ကို ဆက်ဖတ်ဖို့ ကျွန်မနဲ့အတူပါလာတဲ့ လွယ်အိတ်ကို ဖွင့်ပြီး စာအုပ်ကိုထုတ်လိုက်တယ်။ အဲဒီအချိန်မှာပဲ ကျွန်မသိပ်အံ့သြသွားမိတယ်။ ကျွန်မမျက်စိရှေ့က လွယ်အိတ်ထဲမှာ မုန့်တစ်ထုပ်ရှိနေတယ်။

"ဒီမှာက ကျွန်မ မုန့်ထုပ်ဆိုရင်.. လေယာဉ်ကွင်းမှာ ကျွန်မစားခဲ့တဲ့ မုန့်က..."

ကျွန်မချက်ချင်းပဲ သဘောပေါက်သွားတယ်။ ကျွန်မဟာ စာအုပ်ဆေးနဲ့ မုန့်ထုပ်ကိုဘယ်နားထားမိမှန်းမသိဘဲ ကိုယ့်အနားက မုန့်ထုပ်ကို ကိုယ့်မုန့်ထုပ်လို့ထင်နေခဲ့တာပဲ။ သေချာပါတယ်။ လေယာဉ်ကွင်းမှာ ကျွန်မစားခဲ့တဲ့ မုန့်ထုပ်ဟာ ကျွန်မစွပ်စွဲခဲ့မိတဲ့သူရဲ့ မုန့်ထုပ်ပါပဲ။ ပြီးတော့ သူက သူ့ဝေစုထဲက တစ်ခုထဲကျန်တဲ့မုန့်ကိုတောင် ကျွန်မကို တစ်ဝက်ဖဲ့ကျွေးချင်ခဲ့တာပဲ။ ကျွန်မသိပ်ကိုမှားသွားပါပြီ။

"ဒီမှာ .. ရှင်ဟာ သိပ်အတင့်ရဲပြီး သိပ်ရိုင်းတဲ့လူပဲ..။ ရှင့်အပြုအမူက ရှင့်ရဲ့အဆင့်အတန်းကို ဖော်ပြလိုက်တာပဲ။ ရှင်ဟာ အဆင့်အတန်းမရှိတဲ့ မုန့်သူခိုးပဲ"

ကျွန်မပြောခဲ့တဲ့ စကားကို ကျွန်မကိုယ်တိုင်ပြန်ကြားယောင်နေမိတယ်။ ခုတော့ ကျွန်မသူ့ကို ပြန်တောင်းပန်ဖို့ သိပ်ကို နောက်ကျသွားပြီပေါ့။ တကယ်တော့ ကျွန်မကိုယ်တိုင်ဟာ ရိုင်းစိုင်းခဲ့သူ၊ အဆင့်အတန်းမရှိတဲ့သူ၊ မုန့်လေးတစ်ခုအတွက်ကြောင့် ဒေါသဖြစ်လွယ်သူ သို့မဟုတ်.. မုန့်သူခိုး။

လူတစ်ယောက်ကို အော်ဟစ်ကြိမ်းမောင်းဖို့ ဒေါသဟာ အင်မတန်ဖြစ်လွယ်တတ်ပါသလား။ တချို့နေရာတွေမှာ ဘာမဟုတ်တဲ့ကိစ္စလေးကို ကိုယ်က နိုင်ထက်စည်းနင်း ပြောလိုက်ခြင်းက အမှားဖြစ်လွယ်ပါတယ်။ ကိုယ်သာ ဒီလိုအပြောခံလိုက်ရရင် ဘယ်လိုခံစားရမလဲ။ ကိုယ်သာ သူ့နေရာမှာဆိုရင် ဆိုတဲ့ ကိုယ်ချင်းစာစိတ်ဟာ အရေးကြီးသလို အပြစ်တင်စောတဲ့စိတ်ကိုလည်း ဖျောက်ပစ်ဖို့လိုပါတယ်။ အသိနဲ့သတိ ဆင်ခြင် သုံးသပ်နိုင်ကြပါစေ။

မူရင်း
The Cookie Thief
(Valerie Cox)

## Taxi Driver

အဲဒီ့ညက မိုးလည်းအတော်ချုပ်နေပြီမို့ ကျွန်တော်နေထိုင်ရာ အဆောင်သို့ ကားငှားပြန်ရန်ဆုံးဖြတ်လိုက်၏။ ဥရောပနိုင်ငံတွင် ကျွန်တော် သဘောကျမိသည့် အချက်တစ်ချက်ရှိသည်။ Taxi Operator သို့ဖုန်းဆက်ခြင်းဖြင့် Taxi ငှားနိုင်သည်။ လိုအပ်သည့်နေရာသို့ အချိန် ၃မိနစ်မှ ၅မိနစ်အတွင်း ကားလွှတ်ပေး၏။ ယခုဖုန်းဆက်လိုက်သောအခါ နောက်ထပ်၃မိနစ်အတွင်း ကားနံပါတ်( ... ) ကားအမျိုးအစား ( ... ) ရောက်ရှိလာပါမည်ဟု အကြောင်းပြန်၏။ ထို့ကြောင့် ဆောင်းရာသီ ချမ်းချမ်းအေးအေးထဲတွင် ကားစောင့်နေလိုက်သည်။

စိတ်ထဲတွင် (၃)မိနစ်ပြည့်ပြီးဟု ထင်လိုက်ချိန်အထိ ကားအရိပ်အယောင်ပင် မတွေ့ရသေး။ ဆောင်းရာသီ နှင်းများကြားထဲတွင် ချမ်းစိမ့်လာသောကြောင့် စိတ်လောနေခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။ Taxi Operator သို့ထပ်မံဖုန်းဆက်ကြည့်လိုက်သည်။ Operator မှ Taxi Driver နှင့် ဖုန်းလိုင်းချိတ်ပေးသည်။ Taxi မရောက်သေးဘူးလား အခုဘယ်နားမှာလဲ ဟု ကျွန်တော် မေးခွန်းထုတ်လိုက်သည်။ Taxi Driver ထံမှ အဖြေတစ်ခွန်းသာထွက်လာ၏။

"၃မိနစ် မပြည့်သေးပါ"။

စိတ်ထဲတွင် ရယ်လိုက်မိ၏။ အပိုစကားတစ်ခွန်းမှမပြောဘဲ ဖုန်းချသွား၏။ တော်တော်တိကျတဲ့သူတွေပါပဲ။

(၃)မိနစ်အတိတွင် ထို Taxi ကား ထိုးဆိုက်လာ၏။ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တစ်ခု အံ့အားသင့်သွားမိ၏။ Taxi မောင်းလာသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်နေ၏။ အနောက်တိုင်းနိုင်ငံများတွင် တစ်ခုလေးစားစရာမှာ ဝတ်စားဆင်ယင်မှုဖြစ်သည်။ ညစာစားပွဲတွင် ညစာစားပွဲပုံစံ၊ ကျောင်းသွားလျှင် ကျောင်းသူတစ်ယောက်ပုံစံ၊ အလုပ်သွားလျှင် အလုပ်သမား ပုံစံ၊ Night Club သွားလျှင် Night Club ပုံစံ နှင့်တူအောင် ဝတ်ဆင်ကြသည်။ (တချို့တချို့သော အရှေ့တိုင်းနိုင်ငံများတွင် ထင်နေကြသလို အနောက်တိုင်းသူမှန်လျှင် အချိန်ပြည့် ဗိုက်ပေါ်ချက်ပေါ် ဝတ်ဆင်ကြသည် ဟူသောအချက်များယွင်းကြောင်းထောက်ပြလိုခြင်း ဖြစ်သည်)။ ယခု Taxi မောင်းလာသူအမျိုးသမီးမှာလည်း ရိုးရိုးလေးသာ ဝတ်ဆင်ထားသည်။ အသက်အရွယ်အားဖြင့် ၂၀ပတ်ဝန်းကျင်လောက်သာရှိဦးမည့် တက္ကသိုလ် ကျောင်းသူတစ်ယောက် ဖြစ်မည်မှာ သေချာသည်။ ဆောင်းရာသီလမ်းပေါ်တွင် ကျွန်တော် ငှားလာသော Taxi ကားလေးက တရွေ့ရွေ့နှင့် ကျွန်တော်နေထိုင်ရာအဆောင်ရှေ့သို့ ရောက်လာခဲ့သည်။

ကားရပ်တော့ ကားခ (၅၀)ကျပ် ကျသည်။(ဤနေရာတွင် ပိုက်ဆံအမျိုးအစားအား စာဖတ်သူနားလည်လွယ်အောင် ကျပ်ငွေဖြင့်သာ ရေးသားသွားပါမည်)။ ဤနိုင်ငံတွင် ထုတ်ဝေထားသော ငွေကြေးများမှာ ၁၀ တန်၊ ၅၀တန်၊ ၁၀၀တန်၊ ၅၀၀တန်၊ ၁၀၀၀တန် နှင့် ၅၀၀၀တန်များ ဖြစ်ပြီး ၁ကျပ်စေ့ ၂ကျပ်စေ့ ၅ကျပ်စေ့ ၁၀ကျပ်စေ့ ဟူ၍အကြွေစေ့များလည်း ရှိသည်။ ကျွန်တော် ပိုက်ဆံအိတ်ထဲတွင် ၅၀၀တန် တစ်ရွက်သာ ကျန်တော့သည်။ အကြွေစေ့ဟူ၍ သေးသေးလေးများပင် မကျန်တော့။ ထို့ကြောင့် ထို ၅၀၀တန် အား ထုတ်ပေးလိုက်သည်။ ကောင်မလေး မျက်နှာ ညှိုးငယ်သွား၏။ အကြွေမပါတော့ဘူးလားဟု ပြန်မေးသည်။ ကျွန်တော်လည်း ပိုက်ဆံအိတ်ဖွင့်ပြရင်း ၅၀၀တန်တစ်ရွက်သာ ရှိကြောင်း ပြောလိုက်၏။ ကောင်မလေးက သူမ၏ပိုက်ဆံအိတ်အား ဖွင့်ကြည့်၏။ ၁၀၀တန် ၂ရွက်နှင့် အကြွေစေ့များသာရှိ၏။ ထို့နောက် ကောင်မလေးက ကျွန်တော့်အား ကားပေါ်တွင်စောင့်ခိုင်းပြီး ၅၀၀တန်လေးကိုင်ကာ ကားပေါ်မှ ဆင်းသွား၏။ အကြွေသွားလဲခြင်းဖြစ်မည်မှန်း ကျွန်တော်သိလိုက်၏။ ဆောင်းရာသီ နှင်းများကြားထဲတွင်မို့

ဖြစ်သွားဖြစ်လာဟူ၍ အင်မတန် ရှားပါးပါသည်။ ထိုဖြစ်သွားဖြစ်လာများအား သူမ အကြွေလိုက်လဲနေသည်ကို ကားပေါ်မှ ကျွန်တော် အတိုင်းသားမြင်နေရ၏။ ဂရုဏာသက်မိ၏။

မကြာခင် ၅၀၀တန်လေးကိုင်ပြီး သူမ ပြန်ရောက်လာ၏။ အကြွေလဲလို့မရဘူး ဟုလည်း ငြီးတွား၏။ ကားခက ၅၀ ကျသည်။ ကျွန်တော့်ကို သူမ ၄၅၀ ပြန်အမ်းရမည်။ သို့သော်မထူးတော့။ ခင်ဗျားမှာရှိတဲ့ ၂၀၀ပဲ ကျွန်တော့်ကို ပြန်အမ်းပါဟု ကျွန်တော်ပြောလိုက်မိသည်။ အဆုံးခံလိုက်မည့် ၂၅၀ဟူသောငွေကြေးတန်ဖိုးမှာ အနည်းငယ်တော့ များပါသည်။ သို့သော် လှူတယ်ဟုသာ ကျွန်တော် သဘောထားလိုက်တော့မည်။ ထို့ပြင် အကြွေမဆောင်ဘဲ ကားငှားမိသော ကျွန်တော့်အပြစ်အား ကျွန်တော်တာဝန်ယူလိုက်ချင်သည်။ သင်ခန်းစာယူလိုက်ချင်သည်။

သို့သော် ကောင်မလေးက ကျွန်တော့်ကို မျက်လုံးစိမ်းများဖြင့် ကြောင်တောင်တောင်ကြည့်ရင်း ခေါင်းယမ်းပြ၏။ သူမ ကျွန်တော့်စကားကိုလက်မခံပါ။ ပိုက်ဆံ ၂၀၀ကို ထုတ်ပြီးအရင် ကျွန်တော့်လက်ထဲ ထည့်သည်။ ထို့နောက် အကြွေစေ့များကို တချွင်ချွင်နှင့် စတင်ရေတွက်တော့သည်။ ၅၀ တစ်သုတ်ရေတွက်လိုက် ကျွန်တော့်လက်ထဲထည့်လိုက်နှင့်လုပ်နေ၏။ အကြွေစေ့များမှာလည်း အရွယ်စုံဆိုဒ်စုံဖြစ်နေသောကြောင့် ကျွန်တော်ရေတွက်မနေမိတော့။ ဒီလောက်အပင်ပန်းခံနေသည့် သူမ၏ရိုးသားမှုကို ကျွန်တော်ယုံကြည်ပါသည်။ ဤသို့ဖြင့် ၄၅၀ အတိသူမရေတွက်ပြီးသည့်နောက် ကျွန်တော့်အား သူမက ရေတွက်ခိုင်း၏။ စိတ်မပါသော်လည်း သူမကျေနပ်သွားအောင် ကျွန်တော်ရေတွက်ပေးလိုက်ပါသည်။ ဟုတ်ပါသည်။ ၄၅၀ တိတိ ဖြစ်၏။ ကျွန်တော် ကားပေါ်မှဆင်းတော့ သူမက ပြုံးပြရင်း စကားတစ်ခွန်းပြော၏။

"နောက်တစ်ခါ ကားငှားစီးရင် အကြွေဆောင်ထားပါရှင်..."

ထို့နောက် မြူနှင်းများကြားထဲတွင် သူမကားလေးမောင်းထွက်သွား၏။

အနောက်တိုင်းနိုင်ငံများတွင် ဤသို့ခေတ်မီကြပါသည်။

(၁) အချိန်မိနစ်များအား တိကျလေးစားစွာ လိုက်နာ၏။

(၂) ကျောင်းသူလေးပင်ဖြစ်သော်လည်း အားလပ်ချိန်တွင် အလုပ်လုပ်ရင်း တစ်ဖက်တစ်လှမ်းမှ ဝင်ငွေရှာ၏။

(၃) အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သူ့နေရာနှင့်သူ သင့်တော်သော ဝတ်စားဆင်ယင်မှုကိုသာ ဝတ်ဆင်၏။

(၄) ဒီလောက်တန်သည့် အခကြေးငွေကို ဒီလောက်သာယူ၏။ အခက်အခဲတစ်ခုအပေါ် အခွင့်ကောင်းမယူ။

(၅) အလွယ်တကူရသောငွေကြေးအား မယူကြ။ တန်ဖိုးမထားကြ။

နင်းများကြားထဲတွင် ထို Taxi ကားလေး ပျောက်ကွယ်သွားခဲ့ပြီ။ ကျွန်တော့်စိတ်တွင်သာ ထိုကဲ့သို့နောက်ဆက်တွဲတွေးစရာများကျန်ရစ်၏။ ကျွန်တော်တို့အားလုံးလည်း ခေတ်မှီနေမည့်အစား ခေတ်မီကြရန်လိုနေပြီ။ ထိုသို့ခေတ်မီကြရန် တကယ်လိုနေပါပြီ။(ကျွန်တော့်အား စာသင်ပေးသော ကျောင်းဆရာတစ်ယောက်လည်း နွေရာသီကျောင်းပိတ်ချိန်တွင် ကျွန်တော်တို့အဆောင် ပတ်ဝန်းကျင်၌ မြက်ရိတ်နေသည်ကို မျက်မြင်ကိုယ်တွေ့တွေ့ခဲ့ဖူးပါသည်။ အချိန်မဖြုန်းဘဲ ရှိသည့်အလုပ်ကို ရှက်စရာဟုမမြင်ဘဲ ဝင်လုပ်နေသည်မှာ လေးစားစရာကောင်းပါသည်။)

# အခမဲ့

ရက်သတ္တပတ်တစ်ခု အဆုံးမှာ ချာတိတ်လေးတစ်ယောက်က သူ့အမေကို စာရွက်လေးတစ်ရွက် လာပြတယ်။ အမေဖြစ်သူက စာရွက်လေးကို ဖွင့်ဖတ်ကြည့်လိုက်တယ်။

| | |
|---|---|
| မြက်ရိတ်ခ | - $ 5.00 |
| အခန်းရှင်းခ | - $ 1.00 |
| ဈေးသွားဝယ်ပေးခ | - $ .50 |
| ညီလေးအားထိန်းပေးခ | - $ .25 |
| အမှိုက်ပစ်ပေးခ | - $ 1.00 |
| အတန်းထဲတွင် အဆင့်ကောင်းရအောင် ကြိုးစားခ | - $ 5.00 |
| မြံရှင်းခ | - $ 2.00 |
| | --------------------------------------- |
| စုစုပေါင်း | - $ 14.75 |

ဖတ်ကြည့်ပြီးသွားတဲ့အခါမှာ အမေဖြစ်သူက သားကို မျှော်လင့်ချက်ကြီးစွာနဲ့ ကြည့်ရင်း ချက်ချင်းပဲ စာရွက်နောက်ကျောတွင် စာကြောင်းတစ်ချို့ရေးချလိုက်၏။

| | |
|---|---|
| ကိုးလတိတိ ကိုယ်ဝန်ဆောင်ခ | - အခမဲ့ |
| နေမကောင်းဖြစ်ချိန်တွင် ပြုစုခ | - အခမဲ့ |
| မင်းကြောင့် အမေကျခဲ့ရတဲ့မျက်ရည် | - အခမဲ့ |
| ညဘက်အိမ်ပြန်မအိပ်တဲ့အခါ စိတ်ပူခ | - အခမဲ့ |
| မင်းအတွက် အရုပ်၊ အစားအစာ၊ အဝတ်အစား ခ | - အခမဲ့ |
| မိခင်ရဲ့သားအပေါ်ထားရှိတဲ့ မေတ္တာ | - အခမဲ့ |

သားဖြစ်သူက မိခင်ရေးချသမျှကို ဖတ်ပြီးသွားတဲ့အခါ မျက်ရည်တချို့ဝဲတက်လာတယ်။ သူ့အမေကို နူးနူးညံ့ညံ့စိုက်ကြည့်ရင်း စကားတစ်ခွန်းပြောတယ်။

"သားမေမေ့ကို အရမ်းချစ်ပါတယ် မေမေ"

အဲဒီနောက်မှာ ချာတိတ်လေးက ဘောပင်ကိုယူပြီး စာရွက်အောက်ခြေမှာ လက်ရေးကြီးဖြင့် စာတစ်ကြောင်းရေးချလိုက်တယ်။

"ပြည့်စုံစွာ ပေးချေပြီး"

မိဘနဲ့သားသမီးကြားမှာ ကတောက်ကဆ ကိစ္စတွေဟာ သားသမီးတွေ အရွယ်ကြီးမြင့်လာတာနဲ့အမျှ တွေ့ကြုံရစမြဲပါ။ သားသမီးတို့၏ ဆိုးချင် နွဲ့ချင်စိတ်တို့ဟာ မိဘများမှ ထားရှိသော မေတ္တာများကို စော်ကားရာမရောက်ဖို့လိုအပ်ပါတယ်။ မိဘများက ဖွဲ့ယူသည်ဖြစ်စေ ဖွဲ့မယူသည်ဖြစ်စေ သားသမီးဘက်က အမှားမဖြစ်တာအကောင်းဆုံးပါပဲ။ အထင်လွဲမှားမှုနဲ့ ခေတ်ရေစီးကြောင်းမှာ ပျော်ပါးချင်တဲ့စိတ်က မိဘမေတ္တာကို ခဏတာ ဖုံးကွယ်သွားတတ်ပါတယ်။ အချိန်တန်လို့ အမှားကိုမြင်တဲ့အခါမှာ ကိုယ့်အသိဟာ နောက်ကျလွန်းတတ်နေပြီမို့ အသုံးမဝင်တော့တဲ့အခါ နောင်တရစရာပါ။ ဒါကြောင့် မိဘမေတ္တာကို အမြဲကြည်လင်စွာ ကြည့်မြင်ချင်းဖြင့်သာ မိမိတို့က ကတောက်ကဆတ်ဒေါသကို ဖုံးလွှမ်းပစ်နိုင်ကြပါစေ။

မူရင်း
No Charge
(M.Adams)

## လူကြီးဖြစ်ပြီလား

ငယ်ငယ်က အဖြူအစိမ်းကျောင်းသားဘဝအရွယ်တွင် ခေတ်စားခဲ့သော မေးခွန်းလေးတစ်ခုအား ပြန်သတိရမိသည်။ မေးခွန်းမှာ ဘယ်သူကဘယ်လို စတင်တီထွင်ခဲ့သည်မသိ။ ကျောင်းသားများကြား၌ပင် တဖြည်းဖြည်းပျံ့နှံ့လာခဲ့သည်။ မေးခွန်းမှာ ဤသို့ဖြစ်သည်။

"ကိုယ့်အိမ်တွင် ရေကလည်း လျှံနေသည်။ ကလေးကလည်း ငိုနေသည်။ ဧည့်သည်ကလည်းတံခါးခေါက်နေသည်။ ဖုန်းကလည်း မြည်နေသည်။ ဤအချိန်တွင် မည်သည့်အလုပ်ကို

စတင်၍အစီအစဉ်တကျ ပြုလုပ်မည်နည်းဟူသော စိတ်ခန့်မှန်းမေးခွန်းမျိုး ဖြစ်သည်။ ဖြေဆိုပုံအစီအစဉ်ကို ကြည့်၍ ဖြေဆိုသူ၏စိတ်ကို ခန့်မှန်းနိုင်သော မေးခွန်းမျိုးဖြစ်သည်။"

ဆိုကြပါစို့။ လူတစ်ယောက်က.. ရေကိုအရင်ပိတ်မယ်။ ပြီးရင် ကလေးကိုချော့ပြီး တံခါးဖွင့်မယ်။ ဧည့်သည်ကို ထိုင်စေပြီးမှ ဖုန်းကိုင်မယ်။ ဤအဖြေတွင် ထိုဖြေဆိုသူသည် ရေကို အရင်ပိတ်သောကြောင့် မကုန်သင့်သည်ကို မကုန်အောင် ခြိုးခြံချွေတာရေးကို ပထမဦးစားပေးသူ ဖြစ်သည်။ ဒုတိယ ကလေးကို အလေးပေးသည့်အတွက် ဒုတိယဦးစားပေးသည် ချစ်ခြင်းမေတ္တာ ဖြစ်သည်။ တတိယဦးစားပေးသည် ဧည့်သည် တစ်နည်းအားဖြင့် လူမှုရေးကိစ္စဖြစ်သည်။ စူးစမ်းလိုစိတ်အား နောက်ဆုံးတွင်ထားသူမျိုး ဖြစ်သည်။ ဤကဲ့သို့ ထိုသူ၏စိတ်ကို ကောက်ချက်ချနိုင်သည်။

ယခု ဤနေရာတွင် မေးလိုသောမေးခွန်းမှာ ဤမေးခွန်းကို အနည်းငယ်ကွန့်ထားခြင်းပင်။

"ကိုယ့်နေအိမ်တွင် ရေကလည်းလျှံနေသည်။ ကလေးကလည်း ငိုနေသည်။ ဧည့်သည်ကလည်း တံခါးခေါက်နေသည်။ ဖုန်းကလည်း မြည်နေသည်။ ထိုအချိန်တွင် မိမိကိုယ်တိုင်ကလည်း အိပ်ပျော်နေသည်။ ဒါဆို ဘာလုပ်မည်နည်း"

မေးခွန်းမှာ အမှတ်တမဲ့ကြည့်လျှင် အနည်းငယ်ကြောင်တောင်တောင်နိုင်သည်ဟု ထင်ရသည်။ ထိုမေးခွန်းကို မိတ်ဆွေတစ်ချို့အား ကျွန်တော် မေးကြည့်ခဲ့ဖူးသည်။ ပေါတောတောနဲ့ဟုလည်း တချို့က ရေရွတ်ကြသည်။ အိပ်နေပါတယ်ဆိုမှ ဘာသိမှာလဲ ဟုလည်း ဖြေကြသည်။ ဆက်အိပ်နေမှာပဲဟုလည်း တချို့က ပေကပ်ကပ်ဖြေကြသည်။

ဤနေရာတွင် ကျွန်တော် ချပြလိုသည်မှာ လူကြီးဆန်ခြင်းနှင့်ကလေးဆန်ခြင်းအား ခွဲခြားပြလိုခြင်းဖြစ်သည်။ လူကြီးဆန်ခြင်းနှင့်ကလေးဆန်ခြင်းမှာ မည်သို့ကွာခြားကြပါသနည်း။ ကလေးငယ်တစ်ယောက်အား လူကြီးမိဘများက အစစအရာရာ စိတ်မချကြ။ လူကြီးဖြစ်နေပြီဟု သတ်မှတ်ခံထားရသူတစ်ယောက်အား အစစအရာရာ စိတ်ချသည်။ အဘယ်ကြောင့်နည်း။ ပြဿနာသည် ကလေးငယ်များတွင်သာ တွေ့ကြုံပြီး လူကြီးတို့တွေ မတွေ့ကြုံရတတ်သည့် အရာမျိုးလား။ မဟုတ်ပါ။ ပြဿနာသည် လူကြီးလူငယ်အရွယ်မရွေး တွေ့ကြုံရမည်။ သို့သော် လူကြီးတို့ ပြဿနာတွေ့ကြုံရသည့်အခါ ဖြေရှင်းနိုင်သည်။ အတွေ့အကြုံနှင့်ဆင်ခြင်သုံးသပ်၍ အဖြေထုတ်နိုင်ကြသည်။ တစ်နည်းအားဖြင့် ရင့်ကျက်နေသူများဟု ဆိုနိုင်သည်။ ထိုသူများကိုလည်း လူကြီးဟု သတ်မှတ်နိုင်ကြသည်။ အထက်မှမေးခွန်းအား ပြန်ဆက်ပါမည်။

ရေလျှံခြင်း၊ ကလေးငိုခြင်း၊ တံခါးခေါက်ခြင်း၊ ဖုန်းမြည်ခြင်းတို့အားလုံးသည် အသံများဖြစ်ကြသည်။ ဘာမှမလုပ်ဘဲ ဆက်အိပ်နေမည့်အစား အကျယ်ဆုံးအသံဖြစ်သည်ဟု ယူဆရသည့် ကလေးငိုသံကြားရုံနှင့် နိုးထနိုင်အောင် ကြိုးစားရမည်။ ထို့နောက်ထပ်ဆင့်တက်ကာ ဒုတိယ အကျယ်ဆုံးအသံဖြစ်သည့် ဖုန်းမြည်သံကြားရုံနှင့်နိုးထနိုင်အောင် ကြိုးစားရမည်။ ထိုမှတဆင့် ရေလျှံသံကြားရုံနှင့် တံခါးခေါက်သံကြားရုံနှင့် နိုးထနိုင်အောင် ကြိုးစားသင့်သည်။ အိပ်ပျော်နေသောကြောင့် ဆက်အိပ်နေလျှင်လည်းဖြစ်ပါသည်။ သို့သော် ဆိုလိုချင်သည်မှာ ပြဿနာတစ်ခုကြုံတွေ့သည့်အခါ လူကြီးဖြစ်သူက တစ်ကြိမ်တစ်ခါထဲနှင့် အဖြေမထုတ်နိုင်ခဲ့သည့်တိုင် သင်ခန်းစာယူက နောက်တစ်ကြိမ်ဤသို့မဖြစ်စေရန် အဆင့်တက်ကာ ကြိုးစားသွားမည့်သူဖြစ်သည်။ ထိုသို့ထပ်ဆင့်တက်ကာတက်ကာ ကြိုးစားနိုင်မှလည်း တိုးတက်အောင်မြင်မည်ဖြစ်သည်။

ဒဏ်ရာမရဖူးသူသည် ဒဏ်ရာ၏နက်နဲမှုနှင့် ဒဏ်ရာမဖြစ်စေရန် ကာကွယ်သည့် နည်းလမ်းများကိုလည်း ကြိုတင်ကာကွယ်ရန် စဉ်းစားလိမ့်မည်မဟုတ်ပေ။ အနာသိလျှင်ဆေးရှိရမည်။ အနာရှိပြီး ဆေးမသိသည့်အဖြစ်မျိုးမှာ အင်မတန် အန္တရာယ်များပါသည်။ မိမိကိုယ်ကို ယုံကြည်ချက်ရှိသူများသည် လူကြီးဟု သတ်မှတ်ခံရသော ဘဝတစ်ဝက်အောင်မြင်ပြီးသူများ ဖြစ်ကြသည်။ မိမိကိုယ်ကို ယုံကြည်မှုရှိအောင် တည်ဆောက်ပြီး ဘဝကို တစ်လှမ်းဆက်လှမ်းတက်သွားသင့်သည်။ မိမိကိုယ်ကို လူကြီးဖြစ်ပြီးလားဟု အမြဲတမ်းပြန်လည် သုံးသပ်ကြည့်သင့်ကြပြီဖြစ်သည်။ (မိမိကိုယ်ကို ယုံကြည်မှု ရှိသင့်ကြောင်းကို "ကိုယ့်ကိုကိုယ်ပဲယုံတယ်" The Magic Of Believing ဘာသာပြန်ပုံပြင်တွင် ဆက်လက်ဖော်ပြသွားပါမည်)။

# ကိုယ့်ကိုကိုယ်ပဲ ယုံတယ်

ကျွန်တော့်အသက်က သိပ်ငယ်သေးတော့ ဘောလုံးကို တွန်းတွန်းတိုက်တိုက်ကန်ဖို့ မဖြစ်နိုင်သေးဘူး။ ကျွန်တော့်အသက်ဟာ ၈နှစ် မပြည့်သေးပါဘူး။ ကျွန်တော့်အမေက ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်ဘောလုံးကန်မယ်ဆိုရင် သူများတွေလို ကျွန်တော်ပြေးနိုင်မှာ မဟုတ်ဘူးတဲ့။ အမေပြောတာလည်းမှန်ပါတယ်။ ကျွန်တော့်ခြေထောက်ဟာ ခွဲစိတ်ကုသမှု ခံယူထားတာ မကြာသေးဘူး။ ဒါပေမဲ့ ကျွန်တော် အမေ့ကို ပြန်ပြောလိုက်တယ်။ ကျွန်တော် ဘောလုံးကန်ရင် ပြေးနေစရာမလိုပါဘူး။ ဘောလုံးကန်နေတဲ့သူတွေကို ပန်းခြံထဲက မောင်းထုတ်လိုက်မယ်။ ဒါဆို ကျွန်တော်လမ်းလျှောက်ရင်း ဘောလုံးကန်လို့ရပြီပေါ့။

အမှတ်တမဲ့ကြည့်ရင်တော့ ရယ်စရာကောင်းသလိုဖြစ်နေတယ်။ ဒါပေမဲ့ ခြေထောက်နာနေတဲ့ ကလေးတစ်ယောက်က ကိုယ့်ကိုကိုယ် အားငယ်ပြီး သူများကစားတာ ငေးကြည့်နေရမယ့်အစား ကိုယ့်ယုံကြည်မှုနဲ့ကိုယ် အားတင်းနိုင်မှုက လေးစားစရာပါပဲ။ စကားတစ်ခွန်းကျွန်တော် ကြားဖူးတယ်။ လူလယ်ခေါင်မှာ ချော်လဲသွားရင်တော့ လျောင်ပြောင်ရယ်မောခြင်းကို ခံရနိုင်ပါတယ်။ လဲကျလို့ ပြန်ထတဲ့အခါမှာတော့ လူတွေက လက်ခုပ်တီးဖို့ မေ့နေတတ်ကြတယ်တဲ့။

ကျွန်တော်တို့တွေ မမှတ်မိနိုင်သည့်တိုင် ကျွန်တော်တို့ အကြိမ်ပေါင်းမြောက်များစွာ လဲကျရှုံးနိမ့်ခဲ့ဖူးကြတယ်။ ကျွန်တော်တို့ ပထမဆုံး လမ်းလျှောက်တဲ့အခါ ကျွန်တော်တို့ လဲကျခဲ့ဖူးကြတယ်။ ကျွန်တော်တို့ ပထမဆုံးရေကူးတဲ့အခါ ရေနစ်ခဲ့ဖူးကြတယ်။ R.H.Macy ဟာ New York က သူ့စတိုးဆိုင်မှာ (၇)ကြိမ်တိတိ အရှုံးပေါ်ခဲ့ဖူးတယ်။ အင်္ဂလိပ်စာရေးဆရာကြီး John.Creasey ဟာ သူ့ရဲ့ စာအုပ်ပေါင်း (၅၆၄)အုပ် မထုတ်ဝေခင်မှာ (၇၃၅)ကြိမ်တိတိ ဖြန့်ချီဖို့ ငြင်းပယ်ခြင်း ခံခဲ့ရဖူးတယ်။

ကျွန်တော်တို့ဘာကြောင့် ရှုံးနိမ့်မှုကို ကြောက်ရွံ့နေကြမည်လဲ။ ကျရှုံးသွားခဲ့သည့်တိုင် ယုံကြည်မှု၊ မိမိ၏ခံယူချက်၊ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိခြင်းဖြင့် ပြန်လည်ထူထောင်ကြသင့်သည်။ ယနေ့ခေတ် အောင်မြင်ကြီးပွားတိုးတက်နေသူများသည် ကျရှုံးမှုနှင့် ရင်မဆိုင်ခဲ့ရသူများ မဟုတ်ကြ။ ကျရှုံးသော်လည်း ပြန်လည်ထူထောင်နိုင်ခဲ့သူများ တစ်နည်းအားဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိသူများဖြစ်ကြသည်။ ထို့ကြောင့် မိမိကိုယ်မိမိ ယုံကြည်ပါ။ တွေးခေါ်ပါ။ သင်ခန်းစာယူပါ။ ထို့နောက် အောင်မြင်အောင် လုပ်ပါ ဟုသာ ပြောချင်ပါသည်။

မူရင်း

The Magic Of Believeing ( Edward J.McGrath.Jr )

Don’t Be Afraid To Fail ( wall street journal )

**Two men look out through the same bars.**
**One sees the mud,**
**And one sees the stars.**

Frederick Langbridge

# သတင်းကောင်း

ရောဘတ်ဟာ အာဂျင်တီးနားနိုင်ငံရဲ့ နာမည်ကျော် ဂေါက်သီးရိုက်အားကစားသမား တစ်ယောက်ပါ။ သူဟာ ဖိတ်ခေါ်ပြိုင်ပွဲတစ်ခုမှာ အနိုင်ရပြီးတဲ့နောက် ဆုအဖြစ် ချက်လက်မှတ်တစ်စောင်ကို လက်ခံရရှိခဲ့တယ်။ ပြိုင်ပွဲအပြီး အင်တာဗျူးတွေ သတင်းစာရှင်းလင်းပွဲတွေ အပြီးမှာ သူဟာ အိမ်ပြန်ဖို့ အထုပ်အပိုးတွေ ပြင်ဆင်နေခဲ့တယ်။ အားလုံးပြင်ဆင်ပြီးသွားတဲ့အခါ သူဟာ သူ့ကားရပ်ထားတဲ့ ကားပါကင်ကိုအလာ အမျိုးသမီးတစ်ယောက်နဲ့ဆုံတယ်။ အမျိုးသမီးက ဂေါက်ရိုက်ပွဲမှာ အနိုင်ရတဲ့သူ့ကို ချီးကျူးစကားဆိုရင်း မိတ်ဆက်တယ်။ အဲဒီနောက်မှာ သူမဟာ ရောဘတ်ကို အကူအညီတောင်းတယ်။ သူမရဲ့သားလေးဟာ

အပြင်းဖျားပြီး ဆေးရုံတင်ထားရကြောင်း ၊ ဆေးရုံပေါ်တွင် အသက်လုကာ သေလုမျောပါးဖြစ်နေကြောင်း၊ သူမသားလေးအတွက် ကျသင့်သော ဆေးဖိုးဝါးခပိုက်ဆံများပေးချေရန် အခက်အခဲဖြစ်နေကြောင်း ပြောတယ်။

ရောဘတ်ဟာ ထိုအမျိုးသမီးကို သနားသွားတာနဲ့ပဲ သူရရှိခဲ့တဲ့ ချက်လက်မှတ်ကို ပေးရင်း "ကလေးအတွက် နေ့ရက်သစ်လေးတွေ ဖန်ဆင်းပေးလိုက်ပါ" လို့ပြောကာ ထွက်ခွါသွားတော့တယ်။

နောက်ထပ် ရက်သတ္တပတ်ကြာတဲ့အခါ ရောဘတ်ဟာ ဂေါက်ကလပ်မှာ အပန်းဖြေရင်းနေ့လည်စာ စားနေတုန်း ဂေါက်ကလပ်က ဂေါက်သီးရိုက်အားကစားသမားတစ်ယောက်နဲ့ဆုံတယ်။ ထိုအားကစားသမားက ရောဘတ်ကို "ခင်ဗျားပြီးခဲ့တဲ့ ပြိုင်ပွဲက အပြန်မှာ အမျိုးသမီးတစ်ယောက်နဲ့ ဆုံတယ်မဟုတ်လား" လို့မေးတယ်။ ရောဘတ်ကလည်း ဟုတ်ပါတယ်လို့ ဖြေလိုက်တယ်။ အဲဒီအားကစားသမားက "ဒါဆို ခင်ဗျားအတွက် ကျွန်တော့်မှာ သတင်းပေးစရာရှိတယ်" လို့ ပြောလာတယ်။ ရောဘတ်ကလည်း ငြိမ်ငြိမ်လေးပဲ ဆက်နားထောင်နေလိုက်တယ်။ "အဲဒီမိန်းကလေးက လူလိမ်မလေးတစ်ယောက်ပါ။ သူမမှာ ကလေးရှိဖို့ ဝေးရော လက်ထပ်ထားခြင်းတောင် မရှိပါဘူး။ သူမဟာ ခင်ဗျားဆီက ငွေတွေကို လိမ်သွားခဲ့တာပဲ"လို့ပြောတယ်။ ရောဘတ်က အလန့်တကြားနဲ့ "ဒါဆို သေလုမျောပါးဖြစ်နေတယ်ဆိုတဲ့ ကလေးဟာလည်း တကယ်မရှိဘူးပေါ့" လို့ မေးလိုက်တယ်။ သတင်းပေးသူကလည်း "သိပ်သေချာတာပေါ့" လို့ပြန်ဖြေတယ်။

ရောဘတ်ကပြောတယ်။ "ဖျားနာနေတယ်ဆိုတဲ့ကလေး တကယ်မရှိဘူးဆိုတဲ့ သတင်းဟာ ဒီတစ်ပတ်လုံး ကျပ်ကြားခဲ့သမျှထဲမှာ အကောင်းဆုံးသတင်းပဲ"

နူးညံ့မှုနှင့် စိတ်ခံစားချက်ကို ဦးစားပေးသူနှင့် ဒေါသဖြစ်လွယ်တတ်သူတို့ အမြင်ဟာ ဤသို့ကွာခြားသွားကြသည်။ တချို့က အပြစ်မြင်လွယ်သည်။ ဝေဖန်လွယ်သည်။ တချို့ကအကောင်းကို မြင်လွယ်သည်။ အပြစ်မြင်တိုင်းလည်း မကောင်းသလို အကောင်းမြင်တိုင်းလည်း အန္တရာယ်များလှသည်။ မည်သည့်အကြောင်းအရာ မည်သည့်ကိစ္စကိုမဆို နှစ်ဖက်နှစ်လမ်း အမြင်နှစ်မျိုးဖြင့် ခွဲခြမ်းစိတ်ဖြာ ကြည့်ရှုသင့်သည်။ လူတိုင်းတွင် အကောင်းမြင်တတ်သည့်စိတ်သည် မေ့ပျောက်လွယ်သည်။ အကောင်းအဆိုးအကျိုးအပြစ်သည် ပြစ်တင်ပြောဆိုချေပရန် ချီးမွမ်းရန် ရှိနေမည့်အစား ချိုင့်သုံးသပ်၍ ဝေဖန်ပိုင်းခြားနိုင်မည်ဆိုလျှင် လောကနှင့် ပိုမို အံဝင်ခွင်ကျ ဖြစ်နိုင်လိမ့်မည်။ လူသားပီပီ လူဆန်ဆန် တွေးခေါ်ဆင်ခြင် သုံးသပ်နိုင်ကြပါစေ။

မူရင်း
Good News ( The Best Of Bits & Pieces )

**ဤမှာမြေပြင် မြစိမ်းဆင်လျှက်**
**ကောင်းကင်မိုးဝယ် နီလာခြယ်နှင့်**
**အိုဘယ်လူသား နှစ်ရောင်ကြားဝယ်**
**ခန့်ညားလေစွ.. ခန့်လေစွ..။**

ဇော်ဂျီ

အခုပဲချစ်တယ်လို့ပြောလိုက်ပါ
(ဘာသာပြန်နှင့် အတွေးအမြင်များ)
နေပိုင်